# Art of Listening

## ရည်ရွယ်ချက်

ဒီသင်တန်းမှာ ထိရောက်တဲ့ ခေါင်းဆောင်မှုအတွက် အခြေခံကျွမ်းကျင်မှုတစ်ခုအနေနှင့် နားထောင်ခြင်းရဲ့ အရေးပါမှုကို ထည့်သွင်းထားပါတယ်။ အရာခပ်သိမ်းကို သိတဲ့ယေရှုဟာ လူတွေနှင့်ထိတွေ့ပြီး သူတို့ကိုနားလည်နိုင်ဖို့ မေးခွန်းများမေးခြင်းဖြင့် နားထောင်ခြင်းကို စံပြခဲ့ပါတယ်။ နားထောင်မှုစွမ်းရည် မြှင့်တင်ရန် လက်တွေ့ကျတဲ့ အကြံပြုချက်အများကြီးကို ကျွန်တော်တို့ အထူးသင်ကြားမှာဖြစ်တယ်။ နားထောင်ခြင်းအနုပညာကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်းဖြင့် ခေါင်းဆောင်တွေဟာ နားလည်မှုနှင့် နက်ရှိုင်းသော ချိတ်ဆက်မှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

## အကျဉ်းချုပ်

- နားထောင်ခြင်းရဲ့ အရေးပါမှု
- ထိရောက်စွာနားထောင်ခြင်းအတွက် လက်တွေ့ကျသော အကြံပေးချက်များ
    - သင်နားထောင်နေကြောင်း တစ်ဖက်ကို သိစေပါ
    - အာရုံပျံ့လွင့်စေမယ့်အရာတွေကို ဖယ်ရှားပါ
    - တုံ့ပြန်ရန်မဟုတ်ဘဲ နားလည်ပေးနိုင်ရန် အာရုံစိုက်ပါ
    - စိတ်ခံစားချက်တွေကို အတည်ပြုပေးပါ
    - စာနာစိတ်နှင့် နားထောင်ပါ
    - စိတ်ကိုဖွင့်ထားပြီး နားထောင်ပါ
    - မေးခွန်းကောင်းများမေးပါ
- ပိုမိုနက်ရှိုင်းသော ချိတ်ဆက်မှုနှင့် နားလည်မှု

## ကိုးကားထားသောကျမ်းပိုဒ်များ

သုတ္တံ ၁၉:၁၃

နောက်ထပ်လေ့လာရန်မေးခွန်းများ

၁။ သင်ပြောတာကို တစ်ဖက်က ကောင်းကောင်းကြားတယ်လို့ အမှန်တကယ်ခံစားရတဲ့ မကြာသေးမီက စကားဝိုင်းတစ်ခုကို ပြန်လည်သုံးသပ်ပါ။ သင်ပြောတာကို သေချာကြားတယ်လို့ ခံစားရအောင် တစ်ဖက်လူက ဘာလုပ်ခဲ့သလဲ။

၂။ ထိရောက်စွာနားထောင်ခြင်းအတွက် အဖြစ်များတဲ့ အတားအဆီးအချို့က ဘာတွေဖြစ်မလဲ။ အဲဒါတွေကို သင်ဘယ်လို ကျော်လွှားနိုင်မလဲ။

၃။ သင့်ရဲ့နားထောင်မှုစွမ်းရည်ကို တိုးတက်စေမယ့် လက်တွေ့ကျတဲ့ နည်းလမ်းတစ်ခု ဒါမှမဟုတ် နှစ်ခုကဘာတွေဖြစ်မလဲ။

**ဆက်လက်လေ့လာရန်ကျမ်းများ**

ယာကုပ် ၁:၁၉

ရောမ ၁၂:၁၀